# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး

# ပဉ္စမနေ့ အစီအစဉ်

# [ ၂၉ - ၅ - ၂၀၁၇ ]

# (တနင်္လာနေ့)

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ပဉ္စမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုန်းတော်အုပ်စု၊ ချင်းဒေါက်ကျေးရွာ ပေ ၁၈၀ အရှည်ရှိ လူကူးကြိုးတံတား၊ ထရွန်အိုင်(ရွာဟောင်း)ကျေးရွာ ပေ ၂၅၀ အရှည်ရှိ လူကူးကြိုးတံတားနှင့်အထက် သဲမဝအုပ်စုနှင့် ကွမ်းတောင်အုပ်စုကြား ပေ ၃၅၀ အရှည်ရှိ ကုလားချောင်း ဘေလီတံတားတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် အသစ်တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ပေါ်တွင် အဆင့်မီ မြို့တော်ခန်းမ တစ်ခုကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **နိုင်ငံသား စိစစ်ရေးကတ်ပြားများတွင် ကိုးကွယ်သည့် ဘာသာအမှန် ထည့်သွင်းခွင့် မရရှိသဖြင့် ထည့်သွင်းခွင့်ရရှိရန် ဆောင်ရွက်ပေးနိုင်ခြင်း** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် သန်းခေါင်စာရင်းမရှိသော တိုင်းရင်းသားစစ်စစ် နိုင်ငံသားများကို လက်ရှိမြေပြင် အခြေအနေအတိုင်း နေထိုင်သည့်မှာ မှန်ကန်ကြောင်း ကတ်ပြား နှင့် သန်းခေါင်စာရင်း စာရွက်တို့ကို တစ်နိုင်ငံလုံးရှိ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအတွက် (၆)လအတွင်း ဖြေလျှော့မှုများဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **နိုင်ငံခြားသား လက်မှတ် ကိုင်ဆောင်ထားသူ သားသမီးတချို့တို့မှ မြန်မာနိုင်ငံသား မိဘ တစ်ဦးဦး၏နိုင်ငံ၌ အခြေချနေထိုင်လိုကြ၍ မြန်မာနိုင်ငံသားအဖြစ်ခံယူရန် ဗဟိုအဖွဲ့သို့ လျှောက်ထားလာပါက မိမိတို့၏ လက်ရှိကိုင်ဆောင်ထားသော နိုင်ငံခြားသားလက်မှတ်ကို ဦးစွာစွန့်လွှတ်ထားရန် လို/မလို (သို့မဟုတ်) နိုင်ငံသားပြုခွင့် လက်မှတ်ကျပြီး နောက်မှ နိုင်ငံခြားသားလက်မှတ်ကို စွန့်လွှတ်နိုင်ခွင့် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **မြန်မာနိုင်ငံတွင် ကလေးလုပ်သားများ လုပ်ငန်းခွင်မှတစ်ဆင့် သက်မွေးမှုသင်တန်းကျောင်းများတွင် ပညာသင်ကြားနိုင်ရေးနှင့် ကလေးလုပ်သားလျှော့ချနိုင်ရေး အစီအစဉ်တို့ကို အစိုးရမှမူဝါဒရေးဆွဲပြီး ထိရောက်သောစီမံချက်များ၊ ဥပဒေများရေးဆွဲ၍ ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။